## အန္တရာယ်ကင်းသည့် ကျောင်းသားများ သယ်ယူပို့ဆောင်ရေး

## ကျောင်းသားများ လိုက်နာရန် မျှော်လင့်ထားသည့် ကျင့်ထုံးများ

### *အခြားကိုးကား ရည်ညွှန်းသည့် မူဝါဒ EEAEC*

မူဝါဒ JK နှင့် JK-R (ကျောင်းစားစည်းကမ်းများ) အရ ကျောင်းသားများ ကျောင်းဘတ်စ်ကားပေါ်တွင် ဖြစ်စေ၊ ခရိုင်၏ယာဉ်များ ပေါ်တွင် ဖြစ်စေ၊ သို့မဟုတ် ခရိုင်က အသုံးပြုသည့် မည်သို့သော သယ်ယူပို့ဆောင်ရေး ယာဉ်မျိုးတွင်မဆို မတော်မှားယွင်း ပြုမူမှုများနှင့် ပတ်သက်သည့် စည်းကမ်းများကို ထိန်းချုပ်မည် ဖြစ်ပါသည်။

***မှတ်ချက်။ ။ ယခုစည်းမျဉ်း ဥပဒေများသည် ဘတ်စ်ကားလမ်းကြောင်း bus routes တွင် ဖြစ်စေ၊ ကွင်းဆင်းခရီးထွက်ရာ ဖြစ်စေ၊ အားကစားပွဲ ခရီးများတွင် ဖြစ်စေ အကျုံးဝင်သည်။***

1. ကားမောင်းသူ / ကားအကူကို အချိန်ပြည့် ပြောစကား လိုက်နာနားထောင်ပါ။
2. နံနက်တွင် လာကြိုမည့် သတ်မှတ်ချိန်ထက် ၁၀ မိနစ်စော၍ ဘတ်စ်ကားဂိတ်သို့ ရောက်ပါစေ။
3. ကားနံရံ၊ လမ်းကြောင်းမှ အန္တရာယ်ကင်းရာနေရာတွင် ရပ်တန့်ပါ။
4. ကားမောင်းသူ/ ကားအကူကို လေးစားပါ။ အခြားကားစီးနင်းသူများကို လေးစားပါ။
5. ကျောင်းကားရှေ့မှ လမ်းဖြတ်ကူးသည့်အခါ၊ <u>ကားရှေ့မှ ၁၀ ပေအကွာမှ</u> အမြဲတစေ ဖြတ်ကူးပါ။ ကားမောင်းသူ၏ ဖြတ်ကူးရန် အချက်ပြ ကို စောင့်ပါ။
6. *သတ်မှတ်ထားသည့်* ခုံတွင် အမြန်ထိုင်ပါ။ ငြိမ်ဆိတ်စွာ ထိုင်ပါ။ ကားသွားနေချိန်တွင် သတ်မှတ်ထားသည့်ခုံတွင် အရှေ့ကို မျက်နှာမူ၍ ထိုင်ပါ။ မည်သည့်အချိန်တွင်မှ အလယ်အူလမ်းကြောင်းကို မပိတ်ဆို့ရ။
7. ကျောင်းသားများအနေဖြင့် ကျောင်းသား ID ကဒ်ကို ပြသရန် လိုကောင်းလိုမည်။ သို့မဟုတ် ကျောင်းသား ID နံပါတ်ကို ကားမောင်းသူ ထံ  ပေးအပ်ရန် လိုမည် ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာစဉ်၊ အားကစားပွဲများသို့ သွားစဉ်တွင် ကားကြီးများ၊ သို့မဟုတ် ကမကထပြု စီစဉ်သူများက ကျောင်းသားများ အမည်ဖော်ပြ မှတ်တမ်းတင်ထားရန် တာဝန်ရှိပါသည်။
8. အစားမစားရ၊ အရည် မသောက်ရ။ ဝါးစရာ သွားရေစာများ မစားရ။ ကားပေါ်တွင် တံထွေး မထွေးရ။
9. ကားပေါ်မှ မည်သည့်ပစ္စည်းမှ မပစ်ချရ။ သို့မဟုတ် လက်ကိုယ်ခန္ဓာကို ကားပြင် မထုတ်ရ။
10. ပုံမှန် လေသံဖြင့် ပြောပါ။ ကျယ်လောင်သည့်၊ ရိုင်းရင်းကြမ်းတမ်းသည့်၊ ရိုင်းပြသည့် စကားများကို တားမြစ်သည်။
11. ကားမောင်းသူ နှင့် အခြားသူများထံသို့ ဗိုလ်ကျ အနိုင်ကျင့်ခြင်း၊ ရန်လိုသည့် အမူအကျင့်များ၊ သို့မဟုတ် ခွဲခြားဆက်ဆံသည့်၊ ဆဲရေး သည့် စကားများ ကားပေါ်တွင် ဖြစ်စေ၊ ကားမှဆင်း၍ ဖြစ်စေ၊ ပြောဆိုခြင်း မပြုရ။ ယင်းသည် အန္တရာယ် မကင်းသည့် လုပ်ရပ် ဖြစ်ပြီး၊ တားမြစ်သည်။
12. ပြည်နယ်ဥပဒေ နှင့်/ သို့မဟုတ် ခရိုင်မူဝါဒများအရ ကျောင်းဘတ်စ်ကားများပေါ်တွင် အောက်ပါပစ္စည်းများကို တားမြစ်သည်။

| | | |
|---|---|---|
| အရက်/ မူးယစ်ဆေး/ ဆေးရွက်ကြီး | လက်နက်များ၊ သို့မဟုတ် စာရွက် စာတန်းများ | တိရိစ္ဆာန်များ၊ အင်းဆက်ပိုးများ၊ တွားသွား သတ္တဝါ များ |
| မှန်ဖြင့်ပြုလုပ်သည့် ပစ္စည်းများ | ပေါက်ကွဲစေသည့် ယမ်းများ | အခြားအန္တရာယ်ရှိစေသည့် ပစ္စည်းများ |
| ဥပဒေအရ တားမြစ်သည့် ဆေးများ | မီးရှူးမီးပန်းများ (မီးခိုးပုံးနှင့် အနံ့ပြင်းပုံးများ အပါအဝင်) | |

13. ကျောင်းသားများက သယ်ဆောင်လာသည့် ပစ္စည်းများအားလုံး (ဥပမာ- တီးဝိုင်းပစ္စည်းများ၊ အားကစား ပစ္စည်းများ၊ ကျောပိုးအိပ်များ စသည်) တို့ကို တစ်ချိန်လုံးတွင် သူတို့သေချာ ကြီးကြပ် စောင့်ကြည့်နေရမည်။ ပေါင်ပေါ်တွင် တင်ထားရမည်။ သို့မဟုတ် ခုံအောက် နှင့် လွတ်နေသည့်ခုံများတွင် သေချာစွာ ထားရှိရမည်။ ယင်းပစ္စည်းကိရိယာများကို လိုအပ်နေသည့် ခုံနေရာတွင် မတင်ထားရ။ ကားဒရိုင်ဘာ၏ နေရာလွတ်၊ အလယ်အူလမ်းနှင့် လှေခါးခုံများတွင် မထားရှိရပါ။

14. စကိတ်ဘုတ်ပြားများ (Skateboards)၊ စကူတာများ၊ ဘလိပ်ပြားများကို ကျောင်းကားပေါ်တွင် ခွင့်မပြုပါ။

15. သတ်မှတ်ထားသည့် ကားဂိတ်များတွင်သာ ကျောင်းသားများကို ကားပေါ်မှ ဆင်းခွင့်ပြုမည် ဖြစ်သည်။ အကယ်၍ အပြောင်းအလဲရှိပါက၊ မိဘ/အုပ်ထိန်းသူ၏ စာဖြင့်ရေးသားထားသည့် တောင်းဆိုချက်၊ ကျောင်းအုပ်ချုပ်သူများ၏ အတည်ပြုချက်၊ သယ်ယူပို့ဆောင်ရေး ဌာနက အတည်ပြုချက်များ လိုအပ်သည်။

16. ကျောင်းသားများနှင့် ကျောင်းမှ ပုံမှန်တာဝန်ပေးသည့် ဝန်ထမ်းသာလျှင်၊ အချို့သော ဘတ်စ်ကားလမ်းကြောင်းများနှင့် လေ့လာရေးခရီး စဉ်များတွင် ကျောင်းဘတ်စ်ကားပေါ်၌ လိုက်ပါစီးနင်းခွင့်ပြုမည်။ သို့မဟုတ်ပါက သယ်ယူပို့ဆောင်ရေး အရာရှိ၊ သို့မဟုတ် ကျောင်း၏ တာဝန်ခံ အရာရှိထံမှ အထူးခွင့်ပြုချက် ရယူရမည်။

17. ဘတ်စ်ကားများကို သန့်ရှင်းနေစေရန် နှင့် ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းရမည်။

18. ယခုဥပဒေစည်းမျဉ်းများကို မည်သည်မဆို ချိုးဖောက်ပါက၊ မည်သည့်ကျောင်းသားမဆို၊ ကားဒရိုင်ဘာ၊ သို့မဟုတ် သယ်ယူပို့ဆောင် ရေးဌာနမှ ကျွမ်းကျင်သူက သူတို့၏ အကြီးအကဲ၊ မိဘများထံ ဆက်သွယ်၍ သူတို့၏ အမူအကျင့်များ အပေါ် အကြောင်းကြားရမည့် တာဝန် ရှိပါသည်။

Updated 06/23/14 NP